# CVT Newsletter

CVT myanmar
Center for Vocational Training
Berufsbildungszentrum
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

စာစဉ် ၄၇၊ စက်တင်ဘာလ၊ ၂၀၁၉



အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ စာ - ၁



ကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ စာ - ၂



အလုပ်သင်/ကုမ္ပဏီများ၏ စကားသံ စာ - ၃



CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ စာ- ၃

"လူငယ်များရဲ့ ဘဝရပ်တည်ရေးအတွက် (၃/၄) နှစ် တက္ကသိုလ်၊ ကောလိပ်စတဲ့ အထက်တန်းပညာများ တက်ရောက်ပြီးမြောက်ရုံနှင့် မလုံလောက် တော့ပါ။ အလယ်တန်းပညာရေး အဆင့်မှ စတင်ပြီး နည်းပညာ သက်မွေးပညာ ဘာသာရပ်များကို သက်ဆိုင်ရာ သက်မွေး သင်တန်းများ၊ ကျောင်းများ၊ ကောလိပ်များတွင် စာတွေ့ လက်တွေ့ လေ့လာသင်ယူခြင်းဖြင့် တစ်သက်တာ ဘဝရပ်တည်ရေးအတွက် အာမခံချက်ရရှိနိုင်ပါတယ်"

-RAJA KRISHNAMOORTHI-

**အသိပေးချက် - CVT ရုံးနှင့် စာတွေ့လက်တွေ့သင်တန်းများအားလုံးကို မြန်မာနိုင်ငံကြက်ခြေနီရုံးအဆောက်အဦမှ သဃ်န်းကျွန်းမြို့နယ်သို့ အောင်မြင်စွာ ပြောင်းရွှေ့ ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ "Google Map: - CVT Myanmar PTC"**

## အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ

### ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း အလုပ်ခွင်အကြိုပညာရေး ကနဦးဆန်းစစ်မှု ရလဒ်

ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်း၏ အလုပ်ခွင်အကြိုပညာရေး သင်တန်းအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလ (၂) လ ပြီးမြောက်ချိန်တွင် သင်တန်းသားများ On-Job Training လုပ်ငန်းခွင် လက်တွေ့ဆင်းရန် ဟိုတယ်လုပ်ငန်းများနှင့် ချိတ်ဆက်ပေးခဲ့ပါသည်။ သင်တန်းသား (၁၁) ဦးလုံးအား On-Job Training ဆင်းနိုင်ရေး အပြည့်အဝ အောင်မြင်စွာ ပံ့ပိုးပေးနိုင်ခဲ့ပြီး အလုပ်သင် သင်တန်းသားများအဖြစ် နေရာအသီးသီး တွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။

### CVT Myanmar ၏ ဆရာ/ဆရာမ များ နှင့် ဝန်ထမ်းများ ၏ အင်္ဂလိပ်စာ အရည်အချင်း ဆန်းစစ်ခြင်း

၂၀၁၉ ခုနှစ် ဩဂုတ် လ ၇ ရက် နေ့၊ ၈ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် CVT Myanmar ၏ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း (၅၄) ဦးအတွက် ဘာသာစကား အရည်အသွေး မြှင့်တင်ပေးရန် ရည်ရွယ်၍ British Council မှ Placement Test ဖြင့် အင်္ဂလိပ်ဘာသာစကား တတ်ကျွမ်းမှုအဆင့်များကို စိစစ်ပေးခဲ့ပါသည်။ CVT Myanmar မှ Capacity Building ဆောင်ရွက်မှုတစ်ခုအနေဖြင့် ဝန်ထမ်းများ၏ တတ်ကျွမ်းမှုအဆင့်အလိုက် လိုအပ်သည့် အင်္ဂလိပ်စာ ဘာသာစကား မြှင့်တင်ရေးသင်တန်းကို ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

## အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ

### ပရိဘောဂအတတ်ပညာသင်တန်း၏ လုပ်ဆောင်ချက်များ



**ပရိဘောဂအတတ်ပညာသင်တန်း လက်တွေ့ပြုလုပ်ပြီးစီးခြင်း** : ပရိဘောဂအတတ်ညာသင်တန်း၏ သင်တန်း အပတ်စဉ် (၁၇) သည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှ ဩဂုတ်လ ၉ ရက်နေ့အထိ လက်တွေ့လေ့ကျင့်မှုများကို သင်တန်းသား (၂၀) ဦးဖြင့် CVT ၏ လက်တွေ့ခန်းတွင် ပြုလုပ်ခဲ့ကြပါသည်။ သင်တန်းသား (၂၀) ဦးအား အဖွဲ့ (၂)ဖွဲ့ ခွဲ၍ ဆရာများမှ သင်တန်းသားတစ်ဦးချင်းစီအလိုက် ကြီးကြပ်ပေးခဲ့ပြီး သင်တန်းသားများမှလည်း စိတ်ဝင်စားမှုအပြည့်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ Different frame joints ၊ Dovetail joints နှင့် Key box စသည်တို့ကို လက်တွေ့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



**ငှက်အော်စမ်းလူငယ် သင်တန်းကျောင်း၏ ပရိဘောဂ သင်တန်း စတင်ခြင်း** : CVT Myanmar နှင့် New Humanity Myanmar ပူးပေါင်း၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် ပရိဘောဂအတတ်ပညာသင်တန်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းမှ သင်တန်းသား (၃၀) ဦးဖြင့် နှစ်လသင်တန်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်ကြားပို့ချပေးသည့် ဆရာများဖြစ်သည့် ဦးသက်ဦးနှင့် ဦးသီဟန်စိုးတို့သည် CVT Myanmar ၏ ဆရာဖြစ် သင်တန်းဆင်းများပင်ဖြစ်ပြီး CVT Myanmar ပရိဘောဂအတတ်ပညာသင်တန်းမှ ဌာနမှူးများ၊ ဆရာများ၏ ပံ့ပိုးကူညီမှုများဖြင့် အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြပါသည်။

### လျှပ်စစ်ကျွမ်းကျင်မှုအတတ်ပညာသင်တန်း၏ လုပ်ဆောင်ချက်များ

**လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း လက်တွေ့ပြုလုပ်ပြီးစီးခြင်း**: လျှပ်စစ်ကျွမ်းကျင်မှု အတက်ပညာသင်တန်း၏ သင်တန်း အပတ်စဉ် (၁၃) မှ သင်တန်းသား (၃၀) ဦးတို့သည် လက်တွေ့လေ့ကျင့်မှုများကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့ မှ ဩဂုတ်လ ၂၃ ရက်နေ့အထိ ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါသင်တန်းသားများအား အဖွဲ့ (၂) ဖွဲ့ ခွဲ၍ ဆရာများမှ သင်တန်းသားတစ်ဦးချင်းစီအလိုက် ကြီးကြပ်မှုဖြင့် ဆောင်ရွက်စေခဲ့ပါသည်။ သင်တန်းတွင် Measuring technique ၊ Protection System (ELCB) ၊ Pump Control, Forward Reverse Motor Control ၊ Two Speed Motor Control ၊ Star-Delta motor control နှင့် Basic Programmable Logic Control (PLC) စသည့် ဘာသာရပ်ဆိုင်ရာများကို လက်တွေ့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



**လျှပ်စစ်ကျွမ်းကျင်သင်တန်း၏ ဒုတိယနှစ်သင်တန်းသားများ လေ့လာရေးခရီးစဉ်**: လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ ဒုတိယနှစ် အလုပ်သင် သင်တန်းသူ/သားများနှင့် သင်တန်းဆရာများသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် Khin Maung Nyunt Electrical Engineering နှင့် Multi Power Engineering Co.,Ltd တို့၏ စက်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ သွားရောက်လေ့လာသည့် စက်ရုံများမှ တာဝန်ရှိပုဂ္ဂိုလ်များက လိုက်လံပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ ထုတ်လုပ်မှုဖြစ်စဉ်များနှင့် အတွေ့အကြုံများကို ရှင်းလင်းပေးခဲ့ပြီး စက်ရုံဝန်းအတွင်း လိုက်လံပြသပေးခဲ့ကြပါသည်။ အလုပ်သင် သင်တန်းသူ/သားများသည် လေ့လာရေး ခရီးစဉ်မှ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံ ဗဟုသုတများစွာ ရရှိခဲ့ကြပါသည်။



**မေဘာက်ဖောင်ဒေးရှင်း နှင့် CVT Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်ကျွမ်းကျင် ၆လသင်တန်း အပတ်စဉ်** (၃) အား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် သင်တန်းသား (၂၇) ဦးဖြင့် စတင်ခဲ့ပါသည်။ သင်တန်းသားများသည် စာတွေ့၊ လက်တွေ့ သင်ခန်းစာများအား စာသင်ချိန် အပြည့်အဝ (၁၀၀) % တက်ရောက်လေ့လာလျက်ရှိပါသည်။ စာတွေ့ သင်ခန်းစာများအား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ မှ ၂၃ ရက်နေ့ အထိ သင်ကြားပို့ချပေးခဲ့ပြီး လက်တွေ့ ဆောင်ရွက်မှုများအား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ မှ စက်တင်ဘာလ ၅ ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြပါသည်။



## ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၏ လုပ်ဆောင်ချက်များ



**Wyne Hotel မှ အထွေထွေမန်နေဂျာ Ms.Vivian Chan က လုပ်ငန်းအတွေ့အကြုံများ ဆွေးနွေး မျှဝေခြင်း** : CVT Myanmar သင်တန်းကျောင်း (မင်းဓမ္မဥယျာဉ်အိမ်ရာ)၏ ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းသို့ Training Company ဖြစ်သည့် Wyne Hotel မှ အထွေထွေမန်နေဂျာဖြစ်သူ Ms.Vivian Chan လာရောက်လည်ပတ်ခဲ့ပါသည်။ လေ့လာစဉ်အတွင်း ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းသူ/သားများကို တရင်းတနှီး နှုတ်ဆက်၍ ၎င်း၏ လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်း၊ လုပ်ငန်းခွင်အတွင်း ထားရှိသင့်သည့် စိတ်ဓာတ်များနှင့် ကြိုတင်ပြင်ဆင်စရာရှိသည်များ ပြင်ဆင်ထားရှိစေရန် စသဖြင့် အကြံပြုဆွေးနွေးပို့ချသွားသည့်အတွက် CVT Myanmar မှ Ms. Vivian Chan ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## CVT Myanmar ၏ အထွေထွေပညာရေးဌာန လုပ်ဆောင်ချက်များ

CVT Myanmar သင်တန်းကျောင်း ፡ (မင်းဓမ္မဥယျာဉ်အိမ်ရာ) တွင် ဆရာဦးညီညီ (Speaker cum Counselor) မှ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် **"The Art of Hospitality service by Youth"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် **"Be Professional"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟိုတယ်နှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်းနှင့် CVT Myanmar သင်တန်းကျောင်း (သဃ်န်းကျွန်း) တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၄ တွင် **"Personal Branding"** ခေါင်းစဉ်ဖြင့် သင်တန်းသား/သူများအား စိတ်ဓာတ်ခွန်အားရရှိစေရန် ဟောပြောမျှဝေခဲ့သည်။ ထို့ကြောင့် ဆရာဦးညီညီ (Speaker cum Counselor) အား CVT Myanmar မှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



**လုပ်ငန်းခွင်တွင်း ဘေးအန္တရာယ်ကင်းရှင်းမှု ပညာပေး ဟောပြောပွဲ ကျင်းပခြင်း** : CVT Myanmar ၏ အထွေထွေပညာရေးဌာနမှကြီးမှူးကျင်းပသော လုပ်ငန်းခွင်တွင်း ဘေးအန္တရာယ် ကင်းရှင်းမှု ပညာပေး ဟောပြောပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်လ တွင် သုံးရက်တာ ကျင်းပခဲ့ရာ CVT Myanmar မှ အလုပ်သင် သင်တန်းသူ/သား စုစုပေါင်း(၁၂၀) ဦးကျော် တက်ရောက်ခဲ့ကြပါသည်။ ပညာပေး ဟောပြောပွဲသည်မိမိတို့၏ ဘဝတွင် လုပ်ငန်းခွင်တွင်း ဘေးအန္တရာယ် ကင်းရှင်းမှုများကို အလုပ်သင် သင်တန်းသူ/သားများ သတိမူမိစေရန် ရည်ရွယ် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ လူငယ်များအား မိမိ၏ဗဟုသုတများကို ပညာပေး ဟောပြောခဲ့သော Myanmar Jardine Schindler Limited မှ ဆွေးနွေး ဟောပြောပို့ချသူ ဦးသက်နိုင်ဦးအား CVT Myanmar မှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။



## သက်မွေးအကြိုသင်တန်း၏ လုပ်ဆောင်ချက်များ





၂၁ ရာစု ပညာရေးနှင့်အညီ သက်မွေးအကြိုသင်တန်းအား ဖော်ဆောင်နေသည့် အဖွဲ့သားများအားလုံးသည် သင်ကြားရေးနှင့် သင်ယူမှုအတွက် တိုးတက်စေရန် နည်းလမ်းကောင်းများနှင့် အထောက်အပံ့ကောင်းများကို အတူတကွ ဆွေးနွေးတိုင်ပင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ဇွန်လတွင် သင်ကြားရေးပိုင်းရှိ ဆရာ/ဆရာမများမှလည်း ကလေးများ တက်မြောက်နားလည်မှုကို ထိရောက်စေရန် အလေးပေး၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သင်ကြားရေးနည်းလမ်းများကို အဆင့်မြင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ကို ဆွစ်ကျွမ်းကျင်ပညာရှင် Mrs.Chantal ၏ ပံ့ပိုးမှုဖြင့် သက်မွေးအကြိုသင်တန်း အဖွဲ့သားများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ သက်မွေးအကြိုသင်တန်းသို့ "Hydroponic Garden" အကောင်အထည်ဖော် လှူဒါန်းပေးပါသော Cimbria Foundation နှင့် ယခုကဲ့သို့ ကူညီထောက်ပံ့ပေးပါသော Mr.Willi Stierli အား သက်မွေးအကြိုသင်တန်းမှ ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

## ဘွဲ့လွန်အဆင့် စွမ်းရည်မြင့်သင်တန်း၏ လုပ်ဆောင်ချက်များ

**လူငယ်စွန့်ဦးတီထွင်သင်တန်း** အပတ်စဉ် (၁၉) ကို သင်တန်းသူ/သား (၂၂) ဦးဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့ မှ စက်တင်ဘာလ ၁၅ ရက်နေ့အထိ စာတွေ့ - လက်တွေ့ (၃) လကျော် စာသင်ချိန် နာရီပေါင်း (၁၀၀) ကျော်ကို လေ့လာသင်ကြား၍ သင်တန်းအောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ သင်ခန်းစာ ပြီးဆုံးသွားသောအခါ မိမိတို့ စိတ်ကူးရည်မှန်းထားသော စီးပွားရေးလုပ်ငန်းများတွင် လက်တွေ့ အသုံးချနိုင်သော Business Plan များဖြင့် လက်တွေ့ ရေးဆွဲ တင်ပြခဲ့မှုများ ဆောင်ရွက်ခဲ့ပါသည်။



**ကုမ္ပဏီတွင်း ဆရာဖြစ်သင်တန်း (In-Company Trainer)** အပတ်စဉ် (၁၅) ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် စတင် ဖွင့်လှစ် သင်ကြားခဲ့သည်။ ကုမ္ပဏီတွင်းစွမ်းရည်မြှင့်သင်တန်းသည် ဆွစ်ဇာလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံ အစရှိသော နိုင်ငံကြီးများတွင် ကျင့်သုံးနေသော သင်ကြားရေး နည်းစနစ်တစ်မျိုးဖြစ်ပြီး ၎င်းတို့၏ နည်းစနစ်များကို အခြေခံ၍ သင်တန်းသားတွေကို ဘယ်လို ပုံစံ သင်ကြားသင့်လဲဆိုတာကို ဆန်းစစ်ခြင်း (Assessments)၊ သင်ကြားလိုတဲ့ ကျွမ်းကျင်မှု - အဆင့် သတ်မှတ်ချက် (Skills and Competency)၊ သင်ကြားရေးပုံစံတွေ (Teaching Method - Didactic)၊ သင်ကြားရေးဆိုင်ရာ ဆက်သွယ်ပြန်ကြားမှုများ (Communications)၊ သင်တန်းတစ်ခု ဖြစ်မြောက်အောင် စီစဉ်ရတာတွေ (Training Preparation)၊ သင်တန်းတစ်ခု အောင်မြင်အောင် ဆောင်ရွက်ခြင်း (Training Implementation) နှင့် သင်တန်းပြီးဆုံးသွားလျှင် တတ်ရောက်သူတွေရဲ့ တတ်မြောက်သွားမှုကို ဆန်းစစ်ခြင်း (Evaluation) စသည့်တို့ဖြင့် ဆွေးနွေးသင်ကြားပေးမည်ဖြစ်ပါသည်။



## အလုပ်သင်/ကုမ္ပဏီများ၏ စကားသံ

### အလုပ်သင် သင်တန်းသား ကုမ္ပဏီ၏ စကားသံ

SUNTAC TECHNOLOGIES

မင်္ဂလာပါ။ CVT သင်တန်းကျောင်းအကြောင်းကို ၂၀၀၅ ခုနှစ်လောက်မှ စတင် သိရှိခဲ့ပါသည်။ အဲဒီအချိန်တည်းက CVT ၏ အကျိုးသက်ရောက်မှုကို သိပြီး ယခင်အလုပ်လုပ်ခဲ့ဖူးတဲ့ ဟိုတယ်အတွက် Hotel & Gastronomy ဘာသာရပ်အတွက် ဝန်ထမ်း (၆) ဦးအား စေလွှတ်ခဲ့ဖူးပါသည်။ ၂၀၁၇ ခုနှစ်တွင် CVT သင်တန်းကျောင်းသို့ ကျွန်မတို့ကုမ္ပဏီမှ သင်တန်းသူ (၂) ဦးအား စီးပွားရေးအထောက်အကူပြုသင်တန်းကို စေလွှတ်ပြီး ပညာသင်ကြားခွင့်ပေးခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်ကတော့ လုပ်ငန်းခွင်မှာ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော Skills တွေ သိရှိနားလည်စေရန်နှင့် လက်တွေ့ အသုံးချတတ်စေရန်အတွက် တက်ရောက်စေခြင်းဖြစ်ပါသည်။ ယခုသင်တန်းကို တက်ရောက်နေစဉ်အတွင်း သင်တန်း သူတွေရဲ့ Communication Skills, Business Management Skills ကို တတ်မြောက်လာသည့်အတွက် လုပ်ငန်းများကို လုပ်ဆောင်သည့်အခါတွင်လည်း ယခင်ကထက် ပိုမိုတွေးခေါ်စွာ လုပ်ဆောင်လာနိုင်သောကြောင့် ကုမ္ပဏီအတွက်လည်း အကျိုးရှိလာပါသည်။ ဥပမာ - ဒီလူငယ်တွေကို လုပ်ငန်းတစ်ခုအတွက် လုပ်ခိုင်းလိုက်ပြီဆိုသည်နှင့် သတ်မှတ်၍ လုပ်ခိုင်းထားသော အလုပ်ကိုသာမက ထပ်မံ၍ ဖြည့်စွက်ပြီး တီထွင်မှု၊ စိတ်အားထက်သန်မှု၊ အတွေးအခေါ် စသည့်အချက်တွေ ပြောင်းလဲလာသည်ကို တွေ့ရပါသည်။

သင်တန်းသို့ တက်ရောက်သည့် လူငယ်များအတွက် သင့်လျော်သည့် အလုပ်အကိုင်များကိုလည်း ချိတ်ဆက်ပေးတာကိုလည်း တွေ့ရပါသည်။ သင်တန်းမှပို့ချပေးလိုက်သည့် ဘာသာရပ်များအားလုံးသည် လက်ရှိ လုပ်ငန်းခွင်အတွက် အရေးပါသော ထောက်ပံ့မှုကို ရရှိစေပါသည်။ လူငယ်များအတွက် စာတွေ့နှင့် လက်တွေ့ပါဝင်သော အသက်မွေးဝမ်းကြောင်း သင်တန်းများကို ပို့ချပေးနေသည့် အခွင့်အလမ်းများစွာကို ဖန်တီးပေးနေသော CVT အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဒေါ်ခင်သီတာအုံး<br>
General Manager (Human Resources Department)<br>
Suntac Group of Companies

### အလုပ်သင် သင်တန်းသူ၏ စကားသံ



ကျွန်မသည် စီးပွားရေးအထောက်အကူပြု သင်တန်းအပတ်စဉ် ၁၈ ၏ နောက်ဆုံးနှစ်တွင် တက်ရောက်နေသော သင်တန်းသူတစ်ဦး ဖြစ်ပါသည်။ ယခုတက်ရောက်နေသော သင်တန်းသည် လုပ်ငန်းခွင်အတွက် များစွာသော အထောက်အပံ့များကို ရရှိစေပြီး စီးပွားရေးအထောက်အကူပြု သင်တန်းတွင် ဘာသာရပ် (၆) ခု ကို သင်ကြားပေးသည်။ သင်ကြားပေးသော ဘာသာရပ် (၆) ခုလုံးသည် လုပ်ငန်းခွင်အတွက် မရှိမဖြစ် သိရှိရန် လိုအပ်သော ဘာသာရပ်များ ဖြစ်ပါသည်။ ထို့ကြောင့် စီးပွားရေးအထောက်အကူပြုသင်တန်းတွင် တက်ရောက်နေသော ကျောင်းသူ/သားများ သည် ပြင်ပတွင် ဖွင့်လှစ်သင်ကြားနေသော ဘာသာရပ်တစ်ခုချင်းစီကို အချိန်ပေးထပ်မံတက်ရောက်ရန် မလိုပါ။ ယခုတက်ရောက် သင်ကြားနေသောကြောင့်လည်း ကျွန်မသည် Computer Skills, Social Skills, Financial Skills, Business Management Skills စသဖြင့် များပြားလှသော အကြောင်းအရာများကို လေ့လာသင်ယူခွင့် ရရှိခဲ့သည်။ အထူးသဖြင့် Business Management တွင် သင်ကြားရသော HR management, Sales & Marketing နှင့် ဘာသာစကားအနေဖြင့် Business English စသဖြင့် အရေးကြီးသော ဘာသာရပ်များကို အခြေခံမှစ၍ နားလည်အောင်သင်ကြားပေးသည်မှာလည်း မိမိ၏ ရှေ့ဆက်လျှောက်ရမည့် လုပ်ငန်းခွင်အတွက် ကြီးမားသော ထောက်ပံ့မှုကို ရရှိစေသည်။ Company လုပ်ငန်းခွင်အတွက်သာမက ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်မည့်သူများအတွက်ပါ အမှန်တကယ် အကျိုးဝင်သော အကြောင်းအရာများစွာကို သင်ကြားပေးသော ဆရာ၊ ဆရာမများအားလုံးနှင့် CVT Myanmar ကျောင်းကြီးကို အထူးပင် ကျေးဇူးတင်ပါသည်။

သန္တာအောင်<br>
CA 18<br>
Suntac Group of Companies

## CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ

### Mickey's Real Wood Upcycled Furniture နှင့် CVT Myanmar နားလည်မှု စာချွန်လွှာရေးထိုးခြင်း



၂၀၁၉- ၂၀၂၀ ခုနှစ်အတွက် Mickey's Real Wood Upcycled Furnitures နှင့် CVT Myanmar တို့သည် Upcycle Project Training Course for Beginner (1/2019) ကာလတိုသင်တန်းအတွက် ပူးပေါင်းသဘောတူညီချက်ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူညီစာချုပ်အရ ပထမအကြိမ် အောက်တိုဘာလ ၂၀၁၉ တွင် တစ်လခွဲကြာ ဖွင့်လှစ်သွားမည် ဖြစ်သည်။ ထိုသင်တန်းတွင် စိတ်ပါဝင်စားသော လူငယ်များ/လူကြီးများ လေ့လာလိုသူ မည်သူမဆို အခြေခံ Upcycle Project Training Course ဆိုင်ရာ အသိပညာ/အတတ်ပညာများ တက်မြောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

## CVT ထပ်မံဖွင့်လှစ်မည့် ကာလတိုသင်တန်းများ

- **Basic Website Design Course** : အတန်းဖွင့်မည့်နေ့ - ၅ ရက် အောက်တိုဘာလ ၂၀၁၉ (နှစ်လခွဲသင်တန်း)
- **Basic Welding Technology Course** : အတန်းဖွင့်မည့်နေ့ - ၇ ရက် အောက်တိုဘာလ ၂၀၁၉ (တစ်လသင်တန်း)
- **Industrial Based Reclaimed Wood Furniture Making Course** : အတန်းဖွင့်မည့်နေ့ - ၄ ရက် နိုဝင်ဘာလ ၂၀၁၉ (တစ်လသင်တန်း)


**Office**

No. 27, Corner of Arnandar Pagoda Street and Maygawaddy Kyaung Street, Bawamyint Quarter, Thingangyun Township, Yangon.

Ph : 95-9-73166206

www.cvt-myanmar.com<br>
www.cvt-myanmar.org<br>
Email: - info@cvtmyanmar.com<br>
- pc@cvtmyanmar.com<br>
GoogleMap: - CVT Myanmar PTC - Vocational Orientation Program-E4Y, Yangon



Layout Design by Yamin Aye


CVT myanmar<br>
Center for Vocational Training<br>
Berufsbildungszentrum<br>
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း